# လက်နက်ကိုင်တပ်ပေါင်းစုံ (ပြောင်းရွှေ့ရေး)အက်ဥပဒေ။

[ ၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၃။ ] ( ၁၉၄၈ ခု၊နိုဝင်ဘာလ ၆ ရက်။ )

ဤအက်ဥပဒေဖြင့် အောက်ပါအတိုင်းတရား ဥပဒေပြဋ္ဌာန်းသည်။

၁။ ။(က) ဤအက်ဥပဒေကို၊ ၁၉၄၈ ခုနှစ်၊ လက်နက်ကိုင်တပ်ပေါင်းစုံ ( ပြောင်းရွှေ့ရေး) အက်ဥပဒေ ဟုခေါ်တွင်စေရမည်။

(ခ) ယခုထုတ်ဆင့်သည့် ဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်တခုလုံးနှင့် သက်ဆိုင်သည်။

(ဂ) ယခုထုတ်ဆင့်သည့်ဥပဒေသည်၊ နိုင်ငံတော်သမတက၊ အသုံးမပြုရဟုပြန်တမ်းတွင် ကျေညာ သည့်အချိန်ကာလအထိ အတည်ဖြစ်စေရမည်။

၂။ ။အဓိပ္ပါယ်ဖေါ်ပြချက်-

**'စစ်ဘက်ဆိုင်ရာအာဏာပိုင်'** ဆိုသည်မှာ၊ စစ်ရုံးစစ်ဦးစီးချုပ်၊ သို့မဟုတ် စစ်ဦးစီးချုပ်ကမိမိ၏ ကိုယ်စားအခွင့်အာဏာအပ်နှင်းထားသော အရာရှိတဦးဦးကိုဆိုလိုသည်။

၃။ ။မည်သူမဆိုအတည်ပြုထားသည့် တရားဥပဒေအရ၊ လက်နက်ကိုင်တပ်ပေါင်းစုံ တပ်သား တဦးအဖြစ် စာရင်းတင်သွင်းထားသည်ရှိသော်၊ မိမိစာရင်းတင်သွင်းစဉ်အခါက တည်ရှိသည့် အမှုထမ်းစည်းကမ်းချက်များနှင့် မည်သို့ပင်ဆန့်ကျင်စေကာမူ၊ ၎င်း၏သဘောတူညီချက်မရရှိသော်လည်း၊ စစ်ဘက်ဆိုင်ရာအာဏာပိုင်သည်၊ ၎င်းတပ်သားအား မည့်သည့်တပ်ဖွဲ့၊ တပ်ရင်း၊ သို့မဟုတ် မည်သည့်ဌာနမဆို ပြောင်းရွှေ့နိုင်ခွင့် ရှိစေရမည်။

၄။ ။ဤဥပဒေကို ရုပ်သိမ်းလိုက်သည့်အခါ၊ အပိုဒ် ၃ တွင် ပြဋ္ဌာန်းထားချက်အရ၊ ပြောင်းရွှေ့ထားခြင်းခံရသည့် မည်သူမဆိုဆက်လက်၍ စစ်မှုထမ်းဆောင်နေသည်ရှိသော်၊ ၎င်းအား ပဌမမူလပြောင်းရွှေ့စဉ်အခါက အမှုထမ်းနေသောတပ်ဖွဲ့၊ တပ်ရင်း၊ သို့မဟုတ် ဌာနသို့အခွင့်အခါသင့်လျော်သလို၊ ၎င်းကပြန်၍ပြောင်းရွှေ့ရန် ဆန္ဒရှိပါလျှင်၊ စစ်ဘက်ဆိုင်ရာအာဏာပိုင်သည်အမြန်ပြောင်းရွှေ့ပေးရမည်။

=========================================